စိတ်ကူးချိုချိုအနုပညာ



ထက်မြက်

# ကမ္ဘာကျော်ဗီနပ်များနှင့် အခြားအက်ဆေးများ

# ကမ္ဘာကျော် ဖိနပ်များ

"ဖိနပ်နဲ့ ပစ်လိုက်တဲ့ သူ ဘယ်သူဘယ်ဝါဆိုတာကို ကျွန်တော် မသိပါဘူး။ ဒါပေမဲ့ သူ့ဖိနပ်ကတော့ နံပါတ် ၁၀ ဗျ" ဟု အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ဟာသနှောရှ၍ သတင်းထောက်များအား ပြောကြားခဲ့ပါသည် ။ သူ၏ သမ္မတသက်တမ်း နောက်ဆုံးအချိန်တွင် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့သို့ သွားရောက်လည်ပတ်၍ ၊ သတင်းစာ ရှင်းလင်းပွဲ လုပ်ခဲ့သည် ။ သတင်းစာဆရာများအား အီရတ်စစ်ပွဲနှင့် ပတ်သက်ပြီး ပြောကြားနေစဉ်မှာ ပင် ရုပ်မြင်သံကြား သတင်းထောက်တစ်ဦးဖြစ်သူ မန်တာ ဒါအယ်လ်ဇေဒီက သူစီးထားသော ရှူးဖိနပ်နှစ်ဖက်ကို ချွတ်ကာ သမ္မတဘုရှ်အား တစ်ခုပြီးတစ်ခု ချိန်ရွယ်ပစ်ပေါက်ခဲ့သည် ။ သမ္မတဘုရှ်သည် ဖိနပ်မမှန်အောင် စကားပြောခုံလေးအောက် ရောက်သည် အထိ ရှောင်တိမ်းပုန်းကွယ်ရလေသည် ။ ဓာတ်ပုံသတင်းထောက်များကလည်း ထိုဖိနပ်နှင့် ပစ်ခတ်နေပုံများကို အမိအရရိုက်ယူထား၏။ လုံခြုံရေးအစောင့်များက သတင်းထောက်အား ထိန်းချုပ်ထားပြီး ချိန်တွင် သတင်းထောက်ကား သူပစ်ပေါက်ချင်သလောက် ပစ်ပေါက်ခွင့်ရပြီးလေပြီ။

ထိုဖိနပ်ဖြင့် ပစ်ပေါက်သော သတင်းသည် ကမ္ဘာတွင် ဟိုးဟိုးကျော်သွား၏။ သတင်းထောက် အယ်လ်ဇေဒီကိုလည်း ရှုတ်ချသူက ရှုတ်ချ၊ ချီးမြှောက်သူက ချီးမြှောက်ခြင်းဖြင့် အမျိုးမျိုးနေရာပေးကြသည် ။

ဆော်ဒီသူဌေးတစ်ဦးကမူ အယ်လ်ဇေဒီ၏ ဘုရှ်အား ပစ်ပေါက်လိုက်သော ဖိနပ်အား ဒေါ်လာ ၁ဝ သန်းပေး၍ ဝယ်မည်ဟု ကြေညာသည် ။ အီဂျစ်မှ လုပ်ငန်းရှင်တစ်ဦးကလည်း အယ်လ်ဇေဒီသည် အီရတ်ပြည်သူများကို မလိုမုန်းထားသော အမေရိကန် သမ္မတဘုရှ်ကို သူရဲကောင်းပီသစွာ ဖိနပ်နှင့် ပစ်ပေါက်သောကြောင့် သူ့သမီးနှင့် ပေးစားမည်ဟု ဆိုသည် ။ ထို့ပြင် အယ်လ်ဇေဒီစီးသော ဖိနပ်မှာ ဘေဒန်ဖိနပ်ဖြစ်သည် ဟု ဆိုသဖြင့် ထိုဖိနပ်များမှာ ရောင်းမလောက် ဖြစ်သွားသည် ။ ထိုဖိနပ်မှာ တူရကီနိုင်ငံ၊ အစ္စတန်ဘူလ်ရှိ ကုမ္ပဏီမှ ဖိနပ် ဖြစ်၏။ ထိုဖိနပ်သည် အမျိုးအစား ၂၇၁ ဖြစ်ပြီး ယခုအခါ ဘုရှ်ဖိနပ်ဟူ၍ ပင် ခေါ်ဆိုနေကြ၏။ သူတို့ ကုမ္ပဏီမှ ဖိနပ်အရန်ပေါင်း ၁၈, ဝဝဝ ကို ချက်ချင်းမှာ ယူကြ၏။ အမေရိက၊ ဥရောပမှ လည်း ထိုဖိနပ်ကို ချက်ချင်း မှ ယူကြလေသည် ။ မန်တာဒါအယ်လ်ဇေဒီမှာ အာရပ်ကမ္ဘာတွင် ချက်ချင်း သူရဲကောင်း ဖြစ်သွားသော်လည်း အီရတ်အစိုးရကမူ နိုင်ငံခေါင်းဆောင်တစ်ဦးကို ရိုင်းပျစွာ ပြုမူခြင်း၊ ထိခိုက်ဒဏ်ရာရစေခြင်းတို့ ဖြင့် ဖမ်းဆီးတရားစွဲထား၏။ ပြစ်မှုထင်ရှားပြီး တရားသူကြီးကသာ စီရင်ချက်ချလျှင် ထောင်ဒဏ် ၁၅ နှစ်အထိ ကျနိုင်သောအမှု ဖြစ်၏။ သို့သော် အီရတ်တရားရုံးက အယ်လ်ဇေဒီကို ထောင်ဒဏ် ၃ နှစ် ပြစ်ဒဏ်ချမှတ်လိုက်သည် ။

***

"ဖိနပ်" ဆိုသော ဝေါဟာရသည် မွန်ဘာသာခနပ်မှ ဆင်းသက်လာခြင်း ဖြစ်၏။ မြန်မာစကားတွင် ပါဠိ၊ ပါဠိပျက်၊ မွန်စသည့် ဘာသာစကားများ မြန်မာစကားအဖြစ် ပြောင်းလဲလာခဲ့ပါသည် ။ ဖိနပ်သည် ရာ

သီဥတု အပူအအေးဒဏ်ကို ကာကွယ်ရန်အတွက် လူ့ခန္ဓာကိုယ်၏ အောက်ဆုံးဖြစ်သော၊ လူ့ခန္ဓာကိုယ်ကြီးကို ထိန်းသိမ်းရသော ခြေထောက်ကို ကာကွယ်ရန် စီးနင်းရသော လူ့အသုံးအဆောင်ဖြစ်သည် ။ အင်္ကျီ၊ လုံချည်၊ ဘောင်းဘီ၊ ဂါဝန် စသည် တို့ ကဲ့သို့ လူ၏ ကျန်းမာရေးနှင့် အရှက်တရားကို ကာကွယ်ရန် ဝတ်ဆင်ရသော ပစ္စည်းတစ်ခုသာ ဖြစ်၏။ ဦးထုပ်၊ ထီး စသည် တို့ က ဦးခေါင်းပိုင်းနှင့် ခန္ဓာကိုယ်ကို နေ၊ မိုး၊ နှင်းတို့၏ ဒဏ်မှ ကာကွယ်ရန် ဆောင်းရသလို ဖိနပ်မှာ လည်း ထိုရာသီဥတုဒဏ်ကို ကာကွယ်ရန် စီးနင်းခြင်းဖြစ်သည် ။ သို့သော် ဖိနပ်မှာ ပေရေညစ်ညမ်းသော အညစ်အကြေးများကို နင်းသွားရသဖြင့် ဦးထုပ်လောက် သန့်ရှင်းမှု မရှိ၊ မြင့်မြတ်မှု မရှိပေ။ မည်သည့်လူမျိုးမှာ ပင်မဆို ဖိနပ်ကို နိမ့်ကျသော၊ ညစ်ပေသော အသုံးအဆောင်အဖြစ် သတ်မှတ်ကြပါသည် ။

သို့သော် ဖိနပ်ကို မြတ်မြတ်နိုးနိုးဖြင့် အလေးထားစီးနင်းသူများ ရှိသည် ။ အထူးသဖြင့် မိန်းမများ ဖြစ်၏။ လေဒီရှူးဆိုသော ဖိနပ်မျိုးစုံကို ပုံစံအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အသားအမျိုးမျိုးဖြင့် ရာသီဥတုဒဏ်နှင့် အညစ်အကြေး အန္တရာယ်မှ ကာကွယ်ခြင်းထက် အလှအပပစ္စည်း တစ်ခုအဖြစ် အမျိုးသမီးများက ထားရှိစီးနင်းကြလေသည် ။ ထိုသို့ ဖိနပ်ကို ငွေကုန်ကြေးကျခံ၍ အရန်ပေါင်းများ စွာ စီးနင်းသူများ ထဲတွင် ဖိလစ်ပိုင် သမ္မတဟောင်း ဖာဒီနန်မားကို့စ်၏ ဇနီး အီမယ်ဒါမားကို့စ်လည်း ပါဝင်လေသည် ။ အီမယ်ဒါတွင် ဖိနပ်အရန်ပေါင်း ၂၇၀၀ ကျော်အထိရှိသည်ဟု ဆိုလေသည် ။ သူမ၏ ဖိနပ်များ ထားသော အခန်းသတ်သတ်ရှိ၏။ ထိုဖိနပ်အရန် ၂၇၀၀ မှာ အဟောင်းမဟုတ်။ အသစ်ချည်း ဖြစ်၏။ ဖိနပ်စင်များ တွင် ဖိနပ်မျိုးစုံ၊ အရောင်မျိုးစုံ၊ အသားမျိုးစုံဖြင့် တင်ထားပြီး အပြင်ထွက်တော့မည်ဆိုလျှင် ထိုထဲမှ တစ်ရန်ကို အချိန်ကြာမြင့်စွာ ရွေးချ

ယ်ပြီးမှ စီးနင်းလေသည် ။ ဖိနပ်ပေါင်းများ စွာထားရှိပြီး ထိုဖိနပ်များ အပေါ် သာယာစွာ ရွေးချယ်ရခြင်းသည် သူမအဖို့ လောဘတစ်မျိုးဖြစ်သည် ။ ရောဂါတစ်မျိုးလည်း ဖြစ်၏။ ဖာဒီနန်မားကို့စ် သမ္မတရာထူးမှ ပြုတ်ကျပြီး နိုင်ငံခြားသို့ ထွက်ပြေးတိမ်းရှောင်ရာတွင် အီမယ်ဒါမားကို့စ်သည် ဖိနပ်များကို သူမနှင့်အတူ ယူဆောင်မသွားနိုင်ပေ။ သွားရောက်သည့် နိုင်ငံတွင် ဖိနပ်ပေါင်းမည်မျှဝယ်ယူမည်ကိုကား မသိ။ ဖိနပ်ရူးနှင့် ဖိနပ်လောဘကြီးသူ အဖြစ် အီမယ်ဒါမားကို့စ်မှာ သမိုင်းတွင် တွင် ကျန်ရစ်ခဲ့လေသည် ။

ဖိနပ်ပြဿနာသည် ယခုနှစ်ပိုင်းများ အတွင်း ဆက်တိုက်လိုလိုဖြစ်ပွားခဲ့၏။ အားကစား လောကတွင် လည်း မန်ချက်စတာယူနိုက်တက်အသင်းမှ မန်နေဂျာ ဆာအဲလက်စ် ဖာဂူဆန်နှင့် ကမ္ဘာကျော်ဘောလုံးသမား ဒေးဗစ်ဘက်ခမ်းတို့ သည် ဖိနပ်ပြဿနာဖြစ်ခဲ့လေသည် ။ အက်အေဖလား ဘောလုံးပြိုင်ပွဲ၌ ပြိုင်ဘက် အာဆင်နယ်ကို မန်ယူက နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည် ။ ထိုရှုံးပွဲကို မကျေနပ်သော ဖာဂူဆန်က ဘက်ခမ်းကို အပြစ်ပုံချသည် ။ ကစားသမား အဝတ်အစားလဲသော အခန်း၌ မန်နေဂျာနှင့် ကစားသမား ပြဿနာဖြစ်ကာ ဖာဂူဆန်က ဖိနပ်နှင့်ကန်လိုက်သောကြောင့် ဘက်ခမ်း၏ ဘယ်ဘက်မျက်ခုံး ကွဲထွက်ကာ သွေးများ ယိုစီးကျ လာသည် ။ နာမည်ကြီး ပုဂ္ဂိုလ်များ တွင် ဖိနပ်ဒဏ် စခံရသူမှာ ဘက်ခမ်းလည်း ဖြစ်နိုင်ပေသည် ။

***

ကမ္ဘာပေါ်တွင် တစ်ကမ္ဘာလုံး ဖိနပ်ကြောင့် ဟိုးလေးတကျော်ဖြစ်အောင် စတင်ခဲ့သူမှာ ဆိုဗီယက်ရုရှားဝန်ကြီးချုပ် နီကီတာခရုးရှက် ဖြစ်လေသည် ။ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့က ကုလသမဂ္ဂအထွေထွေ ညီလာခံကို နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပသည် ။ စစ်အေးတိုက်ပွဲ ပြင်းထန်နေချိန်တွင် ကုလသမဂ္ဂ၌ အရှေ့အုပ်စုနှင့် အနောက်အုပ်စုမှာ အမြဲပြဿနာဖြစ်လျက် ရှိ၏။ အမေရိကန်ဦးဆောင်သော အနောက်အုပ်စုကို လိုလားသူများ နှင့် ရုရှားဦးဆောင်သော အရှေ့အုပ်စုကို ထောက်ခံသူများကြား အမြဲပြဿနာဖြစ်လေ့ရှိ၏။

အထွေထွေညီလာခံတွင် ဖိလစ်ပိုင်နိုင်ငံမှ ကိုစားလှယ်က ဆိုဗီယက်ယူနီယံကို ဆန့်ကျင်ပြောဆိုနေချိန်၌ ညီလာခံသို့ တက်ရောက်လာသော ဆိုဗီယက်ခေါင်းဆောင် ခရုးရှက်က သူစီးထားသော ရှူးဖိနပ်များကို ချွတ်ကာ သူ့စားပွဲခုံကို တဒုန်းဒုန်း ထုနှက်၍ ဆန့်ကျင်ကြောင်း ပြသခဲ့လေသည် ။ ထိုဖိနပ်နှင့်ထုသော ပြဿနာကို ကမ္ဘာ့စာနယ်ဇင်းလောကထဲ၌ အကြီးအကျယ် ရေးသားကြ၏။ ကမ္ဘာ့ပြည်သူအများ စုကမူ ရိုင်းစိုင်းသောလုပ်ရပ်အဖြစ် မကြိုက်ကြပေ။ ခရုးရှက်ကလည်း သူ မကျေနပ်သောသူကို ဦးထုပ်ဖြင့် ရိုက်ပုတ်ဆန့်ကျင်ခြင်း မပြုဘဲ အောက်တွင် စီးသောဖိနပ်ဖြင့် ထုနှက်ခြင်းကြောင့် ဖိနပ်နှင့်သာ တန်သူဟု သဘောသက်ရောက်စေသည် ။ ယခု ဘုရှ်ကို ဖိနပ်နှင့် ပစ်ပေါက်သည် ထက် ခရုးရှက်ကုလသမဂ္ဂတွင် ဖိနပ်နှင့် ထုနှက်ခြင်းက ကမ္ဘာပေါ်တွင် လူပြော၊ သူပြောအဖြစ်ဆုံး ဖိနပ်ပြဿနာ ဖြစ်ခဲ့သည် ။

ဘုရှ်ကို ဖိနပ်နှင့် ပစ်ပြီး ၂ လခန့်အကြာတွင် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်မှာ လည်း ဖိနပ်နှင့်အပစ်ခံရလေသည် ။ ဥရောပတို့

ချစ်ကြည်ရေးအတွက် သွားရောက်ခဲ့သော တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် ဖေဖော်ဝါရီလက ဗြိတိန်သို့ရောက်ရှိလာ၏။ ဗြိတိန်ရှိ ကမ္ဘာကျော် ကိန်းဘရစ်ချ်တက္ကသိုလ်သို့ အရောက်တွင် ကိန်းဘရစ်ချ်တက္ကသိုလ် ကျောင်းသားဂျာမန်လူမျိုးတစ်ဦးက သူစီးထားသော ရှူးဖိနပ်ဖြင့် ဝမ်ကျားပေါင်ကို ပစ်ပေါက်ခဲ့လေသည် ။ ကမ္ဘာ့စီးပွားရေးကျဆင်းမှုနှင့် ပတ်သက်ပြီး တရုတ်ပြည်၏ ရပ်တည်ချက်၊ တရုတ်ပြည်၏ အစီအစဉ်ကို သတင်းစာဆရာများ ၊ တက္ကသိုလ်ဆရာများ ၊ ကျောင်းသားများအား ပြောကြားနေခိုက် ထိုဂျာမန်ကျောင်းသားမှာ အာဏာရှင်ဟု အော်ပြီး ဝန်ကြီးချုပ်အား ဖိနပ်နှင့်ပစ်ပေါက်ခဲ့၏။ ထိုသို့ပစ်စဉ် ကျောင်းသားနှင့် ဝန်ကြီးချုပ်မှာ တစ်မီတာအကွာသာ ရှိ၏။ ထိခိုက်ဒဏ်ရာ မရခဲ့သော်လည်း ထိုအဖြစ်ကို တရုတ်နိုင်ငံခြားရေးဌာနက အရုပ်ဆိုးသောလုပ်ရပ်အဖြစ် ရှုတ်ချပြစ်တင်ခဲ့သည် ။ သို့သော် နောက်မကြာခင်မှာ ပင် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ကိန်းဘရစ်ချ်တက္ကိသုလ် အာဏာပိုင်များထံ ထိုကျောင်းသားအား ကျောင်းမှ ထုတ်ပစ်ခြင်းမပြုရန်၊ ရာဇဝတ်ကြောင်းအရလည်း အရေးယူခြင်းမပြုရန် မေတ္တာရပ်ခံခဲ့သည် ။ ကျောင်းသားလူငယ်တို့ ၏ သဘာဝစိတ်လိုက်မာန်ပါ လုပ်မိခြင်း ဖြစ်နိုင်သည် ။ သူ့အား ကျောင်းမှ ထုတ်ပစ်လျှင် သူ့ဘဝလမ်းကြောင်းတွင် ထိခိုက်နစ်နာသွားနိုင်သည် ဟု ပြောခဲ့လေသည် ။

***

ထိုကဲ့သို့ ဖိနပ်ပြဿနာများ တွင် မြန်မာနိုင်ငံအဖို့ သမိုင်းတွင် ခဲ့သော ဖိနပ်ပြဿနာမှာ ဥရောပသားများက ဘုရားပုထိုးများ ပေါ် ဖိနပ်စီးခြင်းကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သော ပြဿနာဖြစ်သည် ။ ကိုလိုနီခေတ်က ဗြိတိသျှ လူမျိုးများ နှင့် ဥရောပတိုက်သားများက မြန်မာနိုင်ငံသားနှင့် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ ဘုရားကျောင်းကန်စေတီများကို ဖိနပ်စီး၍ သွားကြသည် ။ အုပ်ချုပ်ထားသူများ ဖြစ်သဖြင့် ဂေါပကများက မည်သို့မှ မပြောနိုင်ပေ။ တချို့စေတီကျောင်းကန်များတွင် "ဗြိတိသျှလူမျိုးများ နှင့် ဥရောပတိုက်သားများမှ အပ မည်သူမျှ ဖိနပ်မစီးရ" ဟူ၍ ပင် ချိတ်ဆွဲထားရသည် ။

၁၉၁၆ ခုနှစ်က ပြည်မြို့ရွှေဆံတော်ဘုရားသို့ ရောက်ရှိလာသော မြန်မာဝတ်လုံတော်ရ ဦးသိန်းမောင်သည် ဖော်ပြပါစာတန်းကို ရွှေဆံတော်ဘုရားစောင်းတန်းတွင် ဖတ်လိုက်ရ၏။ ထိုအခါ ဦးသိန်းမောင်က ဂေါပက အဖွဲ့သို့သွားပြီး အင်္ဂလိပ်လူမျိုးနှင့် ဥရောပသားများကို ခြွင်းချက်ထား၍ ဖိနပ်စီးခိုင်းခြင်းမှာ မသင့်လျော်၊ မှန်ကန်ခြင်းမရှိ။ သာသနာ့မြေအတွင်း မည်သူမျှ ဖိနပ်စီးခွင့်မပြုသင့်ဟု ပြောဆိုရာ ဂေါပကအဖွဲ့ကလည်း ဦးသိန်းမောင်၏ သဘောထားကို လက်ခံပြီး "ဗြိတိသျှလူမျိုးများ နှင့် ဥရောပသားများမှ အပ မည်သူမျှ ဖိနပ်မစီးရ" ဟူသော စာတန်းနေရာတွင် "မည်သူမျှ ဖိနပ်မစီးရ" ဆိုသော စာတန်းကို ပြောင်းချိတ်ထားလိုက် လေတော့သည် ။

ထိုအချိန်တွင် အိန္ဒိယဘုရင်ခံချုပ် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည့်အချိန်နှင့် တိုက်ဆိုင်နေ၏။ ဘုရင်ခံချုပ်သည် မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားများ သို့ လာရောက်ကြည့်ရှု ပေမည်။ ထိုအခါ ရွှေဆံတော်ဘုရားသို့လည်း ဖိနပ်မချွတ်ဘဲ တက်ရောက်ပေမလိမ့်မည်။ ထို့ကြောင့် ဗြိတိသျှအစိုးရက ပြည်မြို့အရေးပိုင်ကို စီမံထားစရာရှိသည်

များကို စီမံရန် ပြောထား၏။ ပြည်မြို့အရေးပိုင်က ရွှေဆံတော်ဘုရားရှိ ဆိုင်းဘုတ်ကို ဖြုတ်ပေးရန် ဂေါပကအဖွဲ့အားပြော၏။ ဂေါပကအဖွဲ့က လည်း ဝတ်လုံဦးသိန်းမောင်၏ တိုက်တွန်းချက်အရ မဖြုတ်နိုင်ဟု ဆိုခဲ့ ၏။ ဗြိတိသျှအာဏာပိုင်များ ကံကောင်းသွားသည် မှာ အိန္ဒိယဘုရင်ခံ ချုပ် မြန်မာနိုင်ငံလာရောက် လည်မည့် အစီအစဉ်ပျက်သွားခြင်းကြောင့် ဖြစ်သည် ။ ဖိနပ်ပြဿနာမှာ ပြီးဆုံးမသွားသေးဘဲ ဘုရားစေတီများ တွင် လျှောက်လွှာရေးတင်ရန် အရေးပိုင်က တောင်းဆိုလိုက်၏။ ထိုအခါ ဦးသိန်းမောင်ကလည်း သာသနာပိုင်ဆရာတော်ကြီးများ ထံ လျှောက်ကထားပြီး အဆုံးအဖြတ်ပေးရန် လျှောက်တင်ရာ ဆရာတော်ကြီး များက အချိန်မကျသေးပါ ဆိုခဲ့သည် ။

ထို့ကြောင့် ၁၉၁၇ ခုနှစ် ပျဉ်းမနားတွင် ကျင်းပသော YMBA ပဥ္စမ အကြိမ်မြောက် ပြည်လုံးကျွတ်ညီလာခံတွင် ဘုရား၊ ပုထိုးများ ပေါ်သို့ ဖိ နပ်စီးခြင်းကို တားမြစ်ကြောင်း နိုင်ငံခြားသားများ ဖိနပ်မစီးသင့် ကြောင်း အဆိုကို ဦးသိန်းမောင်က တင်ပြရာ ညီလာခံက သဘောတူပြီး ဘုရားပုထိုး၊ ကျောင်းကန်များ တွင် နိုင်ငံခြားသားများ ဖိနပ်စီးခြင်းကို တားမြစ်ကြောင်း တစ်ခဲနက် ဆုံးဖြတ်ခဲ့လေသည် ။ ထိုအချိန်တွင် ကာတွန်းဦးဘကလေးက ရွှေတိဂုံဘုရားပေါ်သို့ အင်္ဂလိပ်လူမျိုး ဇနီးမော င်နှံဖိနပ်စီးခြင်းနှင့် ပတ်သက်ပြီး ကာတွန်းနှင့် လှောင်ပြောင်လိုက်၏။ ဖိ နပ်ချွတ်ရမည်ဆိုသောကြောင့် အင်္ဂလိပ်ဇနီးမောင်နှံကို ဂေါပကအဖွဲ့ လူကြီးများက ကုန်းပိုး၍ ဘုရားပေါ်တင်ခဲ့ပုံကို သူရိယမဂ္ဂဇင်းကြီးက ဖော်ပြခဲ့ရာ ပုလိပ်မင်းကြီးက သူရိယသတင်းစာတိုက်ပိုင်ရှင် ဦးဘဘေ နှင့် အုပ်ချုပ်ရေးမှူး ဦးလှဖေကို ခေါ်ယူကြိမ်းမောင်းခဲ့၏။ ကြိမ်းမောင်း သည် ကို ကြားသောအခါ YMBA အသင်းကြီးက ကြီးမှူး၍ ရန်ကုန်မြို့ ဂျူဗလီဟော၌ ဖိနပ်စီးခြင်းကို ကန့်ကွက်ခဲ့၏။ ဖိနပ်ပြဿနာသည်

ကိုလိုနီဆန့်ကျင်ရေး၊ ဗြိတိသျှနယ်ချဲ့သမားကို ဆန့်ကျင်ရေးအတွက် နိုင်ငံရေးပြဿနာ ဖြစ်လာသည်။ အမျိုးသားရေး နိုးကြားမှုနှင့် ဗုဒ္ဓဘာသာ ဘုရားကျောင်းကန်များ တွင် နိုင်ငံခြားသားများ ဖိနပ်မစီးရေး ပြဿနာ ဖြစ်လာခြင်း ဖြစ်၏။ ထို့ကြောင့် ၁၉၁၉ ခုနှစ်တွင် ဘုရား ပုထိုးစေတီများ တွင် နိုင်ငံခြားသားများ ဖိနပ်မစီးရဟု အင်္ဂလိပ်အစိုးရက တရားဝင်ထုတ်ပြန်ပေးခဲ့လေသည် ။ ဖိနပ်ပြဿနာမှာ ကိုလိုနီခေတ်တွင် ဤကဲ့သို့ ပြီးဆုံးသွားသလို ဝတ်လုံဦးသိန်းမောင်ကိုလည်း ဖိနပ်သိန်းမောင်ဟု ကျီစယ်ပြီး ဂုဏ်ယူခေါ်ဆိုကြ လေသည်။

ထို့ကြောင့် ဖိနပ်စီးခြင်း၊ ဖိနပ်သိမ်းခြင်း၊ ဖိနပ်ပစ်ခြင်း၊ ဖိနပ်ထုခြင်း စသော ကမ္ဘာကျော်ဖိနပ်များ သည် စိတ်ဝင်စားစရာကောင်းသော ဖိနပ်များ ဖြစ်ပေသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံမှ ဝန်ကြီးချုပ်တစ်ဦးက ဖိနပ်ဖြင့် ထုခြင်းမှာ သူ၏ မလိုလားမှုကို ဖော်ပြလိုက်သလို သူ၏ ယဉ်ကျေးမှုရေချိန်ကိုလည်း ဖော်ပြလိုက်၏။ ဖိလစ်ပိုင်ပြည်သူများ ၏ ချွေးနဲ့စာ၊ အခွန်ငွေများကို ခေါင်းပုံဖြတ်သိမ်းပိုက်ကာ ဖိနပ်အရန်ပေါင်း ၃၀၀၀ နီးပါး စီးခဲ့သူ သမ္မတကတော်မှာ လည်း သူမ၏ နိမ့်ကျလှသော အသိရေချိန်ကို ဖော်ပြလိုက်၏။ တပည့်ဖြစ်သူကို ဖိနပ်နှင့်ကန်သည့် ဘောလုံးအသင်း မန်နေဂျာ၏ ရိုင်းစိုင်းကြမ်းတမ်းမှုကိုလည်း လူအများ သိလာရ၏။ အမေရိကန်သမ္မတနှင့် တရုတ်ဝန်ကြီးချုပ်တို့ ကို ဖိနပ်နှင့် ပစ်ပေါက်သူများမှာ အသက် ၂၅ နှင့် ၃၀ ကြားရှိ လူငယ်များ ချည်းဖြစ်သည်။

အီရတ်သတင်းထောက်က အီရတ်ပြည်သူတွေကို မုဆိုးမတွေ၊ မိဘမဲ့တွေဖြစ်အောင် သတ်ဖြတ်နေသူဟု စွပ်စွဲ၍ ဖိနပ်နှင့်ပေါက်သည်။

မည်သို့ပင်ဖြစ်စေ လူ့အသုံးအဆောင်ပစ္စည်းများ တွင် အနိမ့်ဆုံး၌

ထားရှိသောဖိနပ်ကို အသုံးပြု၍ ဆန့်ကျင်မှုများကား ယဉ်ကျေးမှုအရ ရိုင်းစိုင်းခြင်းပင် ဖြစ်သည် ။ သို့သော် ...

**နွယ်နီ၊ မေ၊ ၂၀၀၉။**
**Ref: Time, Wikipedia,**
**ကိုလိုနီခေတ် မြန်မာ့သမိုင်းအဘိဓာန် (မြဲဟန်)**

***